# Chiba University

Chiba တက္ကသိုလ်ကို ၁၉၄၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယခုအခါ ဘွဲ့ကြိုနှင့်ဘွဲ့လွန် ကျောင်းသားပေါင်း ပျှမ်းမျှ ၁၄၅၀၀ ဦး လေ့လာဆည်းပူးလျက်ရှိပါသည်။ သင်ကြားရေးတွင်လည်း နိုင်ငံပိုင်တက္ကသိုလ်အဖြစ် အဆင့်မြင့်နေရာတွင် ရှိသည့် အထွေထွေတက္ကသိုလ်လည်းဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကူးသန်းဆက်နွယ်မှုရှေ့ဆောင်သွားနေသော Super Global University များထဲမှတစ်ခုအဖြစ်ရွေးချယ်ခံရကာ ၂၀၂၃ ခုနှစ်အထိ ၁၀ နှစ်တာ ဂျပန်အစိုးရ၏ ဦးစားပေးအထောက်အပံ့များ ရရှိလျက်ရှိပါသည်။ အဆိုပါအထောက်အပံ့များဖြင့် ၂၀၁၆ ခုနှစ်တွင် ပြည်ပပူးပေါင်းကျောင်းများသို့ သွားရောက်သင်ကြားနေသော ကျောင်းသားများအရေအတွက်သည်နိုင်ငံပိုင်တက္ကသိုလ်များအတွင်း အဆင့်တစ်ဖြစ်ခဲ့ကာ Super Global University တစ်ခုအဖြစ် ရလဒ်ကောင်းအား ပြသနိုင်ခဲ့ပါသည်။

Chiba တက္ကသိုလ်တွင် လက်ရှိ မြန်မာနိုင်ငံမှ ကျောင်းသား ၉ ဦးလေ့လာလျက်ရှိကာ အဆိုပါကျောင်းသားများထဲမှတစ်ဦးဖြစ်သော ကိုချစ်ဦးမောင်အား မိတ်ဆက်ဖော်ပြပေးထားပါသည်။

Chiba University \ Website

http://www.chiba-u.ac.jp/e

*'ကျွန်တော့်နာမည်ကတော့ ချစ်ဦးမောင်ဖြစ်ပြီး မန္တလေးနည်းပညာတက္ကသိုလ်မှ ဆရာတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော်က လက်ရှိမှာ ဂျပန်နိုင်ငံ Chiba မြို့မှာရှိတဲ့ Chiba တက္ကသိုလ်က မရော်ဖက်ဆာ မာစာဟီရိုတာကဲအိ (Professor Masahiro TAKEI)ရဲ့လက်အောက်မှာ ဒေါက်တာဘွဲ့အတွက် ပညာသင်ကြားနေတဲ့မြန်မာကျောင်းသားတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော်လေ့လာနေတဲ့အကြောင်းကတော့ ECT လို့ခေါ်တဲ့ Electrical Capacitance Tomography နည်းပညာကိုသုံးပြီး Iron Making Process မှာသုံးတဲ့ ပိုက်လိုင်းထဲကိုဖြတ်သွားတဲ့ Pulverized Coal ရဲ့ Velocity ကို လေ့လာတွက်ချက်ခြင်းပဲဖြစ်ပါတယ်။ ပရော်ဖက်ဆာ တာကဲအိရဲ့လက်တွေ့ခန်းဟာ Chiba University ရဲ့ ဘွဲ့လွန်ကျောင်း ၁၃ ကျောင်း၊ အရည်အသွေးမြင့်ဌာန ၁၀ ခုထဲမှ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ Chiba တက္ကသိုလ်ဟာဆိုရင်လည်း ဂျပန်နိုင်ငံရဲ့ စွမ်းဆောင်ရည်မြင့်မားတဲ့ တက္ကသိုလ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ Chiba တက္ကသိုလ်မှာပညာသင်ကြားနေတဲ့ နိုင်ငံခြားကျောင်းသားတွေအတွက် အခက်အခဲဆိုတာမရှိသလောက်ပါပဲ။ ဘာကြောင့်လဲဆိုရင် ISD လို့ခေါ်တဲ့ ဌာနတစ်ခုဖွင့်ထားပြီး အခက်အခဲမှန်သမျှကို ဖြေရှင်းပေးလို့ပဲဖြစ်ပါတယ်။ ဒ့ါအပြင်တက္ကသိုလ်မှာရှိတဲ့ဝန်ထမ်းတိုင်းက သဘောကောင်း၊ စိတ်ထားကောင်းကြပြီး ယဉ်ကျေးပျူငှာစွာဆက်ဆံကြပါတယ်။ တက္ကသိုလ်ကျောင်းသားအဆောင်မှာလည်း နိုင်ငံခြားကျောင်းသားများကို ၁၀ လနေဖို့ ခွင့်ပြုပေးထားပါတယ်။ နောက် ဂျပန်မှာကျောင်းတက်နေတဲ့ကျောင်းသားတိုင်းအတွက် အရေးကြီးတဲ့အခက်အခဲတစ်ခု ဖြစ်တဲ့ ကုန်ကျစရိတ်ကလည်း တိုကျိုမြို့နဲ့နီးသော်လည်း တိုကျိုထက်များစွာသက်သာတာကိုတွေ့ရပါတယ်။ ဒါကြောင့် အဆင့်မြင့်ပညာတွေဆက်လက်ဆည်းပူးချင်သူနိုင်ငံခြားကျောင်းသားများအတွက် အခက်အခဲမရှိပါဘူးလို့ ကျွန်တော်ထောက်ခံချင်ပါတယ်။*





## ဂျပန်ပညာတော်သင်သွားခြင်းဆိုင်ရာ ဆွေးနွေးမှုများအတွက် OJEIC သို့ကြွခဲ့ပါ

ပုလဲကွန်ဒိုတွင်ရှိသော OJEIC (Okayama University Japan Educational Information Center) သည် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့သွားရောက်ပညာသင်ယူလိုသူများအတွက် ဂျပန်နိုင်ငံအနှံ့အပြားရှိ နိုင်ငံပိုင်တက္ကသိုလ်၊ ဒေသပိုင်တက္ကသိုလ်၊ ပုဂ္ဂလိကပိုင်တက္ကသိုလ်၊ သက်မွေးပညာသင်(ဥပစာ)ကောလိပ်၊ ဂျပန်စာသင်ကြားမှုအဖွဲ့အစည်း စသည့်တို့နှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ ကျောင်းလျှောက်ရာတွင်လိုအပ်သည့်အချက်အလက်များ၊ ပညာတော်သင်ဆုလျှောက်ထားပုံနည်းလမ်းများ စသည့် ဂျပန်နိုင်ငံပညာတော်သင်သွားရောက်မှု လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သောပြင်ဆင်မှုများကို အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိသော စင်တာဖြစ်ပါသည်။ နိုင်ငံပိုင်တက္ကသိုလ်တစ်ခုဖြစ်သော Okayama တက္ကသိုလ်သည် ဂျပန်အစိုးရမှ တာဝန်ပေးအပ်မှုဖြင့် ရုံးခန်းစတင်ဖွင့်လှစ်ခဲ့ပါသည်။ တနင်္လာနေ့မှ စနေနေ့အထိ နေ့စဉ် 9:00 ~ 17:00 အထိ ဂျပန်ပညာတော်သင်နှင့်ပတ်သက်သောဆွေးနွေးမှုများကို နေ့စဉ်ပြုလုပ်ပေးလျက်ရှိခြင်းနှင့်အတူ ဂျပန်တက္ကသိုလ်များနှင့် သက်မွေးပညာသင်(ဥပစာ)ကောလိပ်၊ ဂျပန်ကုမ္ပဏီပေါင်း ၄၀ ကျော်ပါဝင်သော ဂျပန်ပညာရေးပွဲတော်ကို ဩဂုတ်လ ၁၈ ရက်၊ ဘွဲ့လွန်ပညာတော်သင်များအတွက် Academic Seminar ၊ တက္ကသိုလ်အသီးသီးနှင့် အထက်တန်းကျောင်းများ၊ ဂျပန်စာသင်ကျောင်းများ စသည်တို့တွင် ဂျပန်ပညာတော်သင်ဆွေးနွေးပွဲကျင်းပပေးခြင်း၊ Japan Culture House နှင့်အတူ ဂျပန်ပွဲတော်တွင်ပါဝင်ဆင်နွှဲမှုများ စသည့်လှုပ်ရှားမှုများကို ပြုလုပ်လျက်ရှိပါသည်။ အပတ်စဉ်စနေနေ့များတွင် OJEIC ရုံးခန်းတွင် အမျိုးမျိုးသော Event များပြုလုပ်ပေးနေသောကြောင့် မပျက်မကွက်လာရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

OJEIC Facebook: https://www.facebook.com/StudyinJapanOfficeYangon

☆ **OJEIC(Okayama University Japan Educational Information Center)**

R322A(Japan Culture House နှင့် MAJA အနီး), Building-C, Pearl Condo,
KabaAye Pagoda Road, Yangon, Tel: 09-2618-410-54

ရုံးချိန် : တနင်္လာနေ့မှ စနေနေ့အထိ နံနက် ၉းဝဝ မှ ညနေ ၅းဝဝ (စနေနေ့ရုံးဖွင့်ပါသည်။)

### OJEIC စနေနေ့ Events

| | | |
|---|---|---|
| ၂ လ ၁၀ ရက် | ဂျပန်စာသင်တန်း | ဂျပန်လူမျိုးနှင့်အတူ စကားပြောလေ့ကျင့်ကြရအောင် |
| ၂ လ ၁၇ ရက် | Research Plan (ဂျပန်ဘာသာ) စာစီစာကုံးပြိုင်ပွဲ | ပထမဆုရွေးချယ်၍ဆုချီးမြှင့်ပေးမည်ဖြစ်ပါသည်။ |
| ၂ လ ၂၄ ရက် | ဂျပန်ပွဲတော်(Thuwunna Bhumi Event Park) | ည ၁၂ နာရီအထိကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ OJEIC Booths တွင် လာရောက်ကစားကြဖို့ဖိတ်ခေါ်ပါသည်။ |
| ၃ လ ၃ ရက် | ဂျပန်စာသင်တန်း | ဂျပန်လူမျိုးနှင့်အတူ စကားပြောလေ့ကျင့်ကြရအောင် |
| ၃ လ ၁၀ ရက် | JLPT မေးခွန်းဟောင်းများလေ့ကျင့်ခြင်း | ကိုယ်ဖြေဆိုမည့် Level အလိုက်မေးခွန်းဟောင်းများဖြေဆိုလေ့ကျင့်ကြရအောင် |
| ၃ လ ၁၇ ရက် | အင်တာဗျူးလေ့ကျင့်ခြင်း(ဂျပန်ဘာသာ) | တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအတွက် အင်တာဗျူးကြိုတင်လေ့ကျင့်ကြရအောင် |
| ၃ လ ၂၄ ရက် | MEXT ပညာသင်ဆုစာမေးပွဲမေးခွန်းဟောင်းများလေ့ကျင့်ဖြေဆိုခြင်း (ဂျပန်ဘာသာ) | ဧပြီလတွင် ဝင်ရောက်လျှောက်ထားရန်ရည်ရွယ်ထားသူများစာမေးပွဲအစမ်းဖြေကြည့်ကြရအောင် |

## အင်္ဂလိပ်ဘာသာဖြင့် ပညာတော်သင်သွားနိုင်မည့် ဆောင်းရာသီကျောင်းဝင်ခွင့် Full Scholarship

Toyo တက္ကသိုလ်သည် အတွေးအခေါ်ပညာရှင် ဒေါက်တာ Inoueenryo မှ ၁၈၈၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် အထွေထွေတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ပညာရပ်ဌာန ၁၃ ခုနှင့် ဘာသာရပ်ပေါင်း ၄၆ ခုရှိကာ ဘွဲ့ကြိုနှင့်ဘွဲ့လွန်ကျောင်းသားပေါင်း ၃၁၅၆၀ ကျော် လေ့လာလျက်ရှိပါသည်။ ပြောင်းလဲနေသော Globalization နှင့် အတူမိမိ၏အနာဂတ်ကိုထုဆစ်နိုင်သော Global Human Resource ၏ပညာရေးလိုအပ်ချက်များ ရှိလျက်ရှိပါသည်။ Toyo တက္ကသိုလ်၌ ၂၀၁၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ Super Global University Creation Supporting ၊ တဖန် ၂၀၁၇ ခုနှစ်တွင်လည်းပညာရေးဝန်ကြီးဌာန၏ Foreign Students Employment Acceleration Program တွင် ရွေးချယ်ခံရကာ အတွေးအခေါ်ပညာရေး၊ အပြည်ပြည်ဆိုင်ရာကူးပြောင်းရေးနှင့် အသက်မွေးဝမ်းကြောင်းပညာရေး စသည်တို့ကိုဗဟိုပြုပြီး ကျောင်းဘောင်ပြင်ပ ပညာရေးအခြေခံအသစ်နှင့်ကျောင်းသားများထောက်ပံ့ရေးစနစ်အား ပိုမိုကောင်းမွန်စေရန် အားထုတ်လျက်ရှိပါသည်။



၂၀၁၇ ခုနှစ် ၄ လပိုင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ကျောင်းဝင်ခွင့်ရရှိနိုင်မည့် ပညာရပ်ဌာန ၃ ခုဖွင့်လှစ်ခဲ့ပြီး ထူးချွန်သောနိုင်ငံခြားကျောင်းသားများအား ၁၀၀% ပညာသင်စရိတ်ကင်းလွတ်ခွင့်နှင့် နေထိုင်စရိတ်ထောက်ပံ့ကြေးအဖြစ် တစ်လလျှင် ယန်း ၁၅ သောင်းအား ၄ နှစ်တာထောက်ပံ့ပေးသွားမည့် ပညာသင်ဆုကြေးငွေ Toyo Top Global Scholarship A အား ပေးအပ်လျက်ရှိပါသည်။ စာရွက်စာတမ်းများနှင့် အင်တာဗျူးများအားလုံးကိုအွန်လိုင်းတွင်လုပ်ဆောင်နိုင်ပြီး ဂျပန်နိုင်ငံသို့လာရောက်စရာမလိုဘဲ စာမေးပွဲဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ၄ လပိုင်းနှင့် ၉ လပိုင်းများတွင် ကျောင်းဝင်ခွင့်ရှိပါသည်။ နောက်တစ်ကြိမ် စာရွက်စာတမ်းတင်ရမည့်ကာလမှာ ၂၀၁၈ ခုနှစ် ၃ လပိုင်း ၉ ရက်နေ့မှ ၃ လပိုင်း ၁၅ ရက်နေ့ (၉ လပိုင်းကျောင်းဝင်ခွင့်အတွက်) ဖြစ်ပါသည်။

အသေးစိတ်ကိုအောက်ပါဝက်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

**Application Guide**

www.toyo.ac.jp/nyushi/admission/requirements/pre-arrival/

**English Track Programs and Toyo Top Global Scholarship A**

www.toyo.ac.jp/site/english-dp/scholarships.html

Contact: mlglobal@toyo.jp

| | | |
|---|---|---|
| ၃ လ ၃၁ ရက် | Tsuda တက္ကသိုလ်မှ ကျောင်းသူများနှင့် တွေ့ဆုံဖလှယ်ပွဲ | တိုကျိုမြို့ သမိုင်းဝင် အမျိုးသမီးတက္ကသိုလ်ရှိ ကျောင်းသူများနှင့်တွေ့ဆုံစကားပြောကြရအောင် |
| ၄ လ ၇ ရက် | Research Plan (ဂျပန်ဘာသာ) စာစီစာကုံးပြိုင်ပွဲ | ပထမဆုရွေးချယ်၍ဆုချီးမြှင့်ပေးမည်ဖြစ်ပါသည်။ |
| ၄ လ ၂၁ ရက် | အင်တာဗျူးလေ့ကျင့်ခြင်း (ဂျပန်ဘာသာ) | တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအတွက် အင်တာဗျူးကြိုတင်လေ့ကျင့်ကြရအောင်။ |
| ၄ လ ၂၈ ရက် | အင်တာဗျူးလေ့ကျင့်ခြင်း (ဂျပန်ဘာသာ) | တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအတွက် အင်တာဗျူးကြိုတင်လေ့ကျင့်ကြရအောင်။ |